# ကယားပြည်နယ်မှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ပင်လယ်ရေကြောင်းခရီးမှ ဆန်တင်ပို့မှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

**၁။ လျှောက်ထားသူကာယကံရှင်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ–**

(က) သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ရုံး ထောက်ခံချက်။

( ခ) ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ထောက်ခံချက်။

( ဂ) ပြည်နယ်အစိုးရအဖွဲ့ရုံးမှ သက်ဆိုင်ရာ ခရိုင်ထွေ/အုပ်ရုံးသို့ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားစာ။

**၂။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်ကိစ္စရပ်များ**

(က) ပြည်နယ်အစိုးရအဖွဲ့ရုံးမှ သက်ဆိုင်ရာ ခရိုင်ထွေ/အုပ်ရုံးသို့ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားစာအား လက်ခံရရှိပြီးနောက် အောက်ပါသက်မှတ်ထားသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များကို ဖွဲ့စည်းခြင်းနှင့် သဘော်ာတင်ဆောင်ရွက်ရာတွင် ကြီးကြပ် ဆောင်ရွက်ခြင်း–

(၁) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၃) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(၄) အကောက်ခွန်ဦးစီးဌာန

(၅) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၆) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၇) စားသုံးသူရေးရာဦးစီးဌာန

(ခ) ဖွဲ့စည်းထားသောအဖွဲ့ဖြင့် သဘော်ာတင်ဆောင်ရွက်မှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်အစီရင်ခံတင်ပြခြင်း။

**၃။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အထက်ဌာနများ၏ တာဝန်ပေးချက်အရ တင်ပို့မှုနှင့် ခွင့်ပြုသည့် အရေအတွက်ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခြင်း။

(ခ) ဆန်တင်ပို့ရာတွင် အခြားတရားမဝင်ကုန်ပစ္စည်းများပါ သယ်ယူ၊ တင်ပို့မှု မရှိစေရေး စစ်ဆေးဆောင်ရွက်ခြင်း။

(ဂ) ဆန်တင်ပို့မှုစစ်ဆေးရာတွင် လုံခြုံရေးအမြင်ဖြင့် အခြားသက်ဆိုင်ရာဌာနများ နှင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်ခြင်း။

## ၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

(က) ဆန်တင်ပို့မှုစစ်ဆေးရေးအဖွဲ့၏ လုံခြုံရေးလိုက်ပါဆောင်ရွက်ခြင်း၊

(ခ) ဆန်တင်ပို့မှုစစ်ဆေးရေးအဖွဲ့နှင့်အတူ လိုက်ပါပူးပေါင်းကူညီဆောင်ရွက်ခြင်း၊

(ဂ) လုံခြုံရေးပိုင်းဆိုင်ရာထူးခြားဖြစ်စဉ်များတွေ့ရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ခြင်း။

## ၅။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဌာနမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ-

(က) ဆိပ်ကမ်းနယ်နိမိတ်အတွင်းသို့ သင်္ဘောတန်ချိန် (GRT) 500 Ton နှင့် အထက် ကမ်းရိုးတန်းသွား သင်္ဘောများဝင်ရောက်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) သင်္ဘောကိုယ်စားလှယ်ထံမှ ကမ်းရိုးတန်းသွားသင်္ဘောတစ်စီး ဝင်ရောက်မည်ဖြစ်ကြောင်း အကြောင်းကြားစာရရှိပါက ရေကြောင်းပြသည် ဟိုင်းကြီးရေကြောင်းပြ စခန်းတွင် အဆိုပါသင်္ဘောအား သွားရောက်စောင့်ဆိုင်း၍ ဆိပ်ကမ်းသို့ မောင်းနှင ၍ သွင်းယူလာမည်ဖြစ်ပါသည်။

(၂) သင်္ဘောအား ဝဲဒေါင့်တံကွန်ကရစ်ဆိပ်ခံတံတားတွင် ဆိုင်ကယ်ပေးပြီးနောက် ကိုယ်စားလှယ်လုပ်ငန်းဌာနမှ တာဝန်ရှိသူ သင်္ဘောပေါ်သို့ တက်ရောက်၍ သင်္ဘောတွင်ပါရှိရမည့် ကုန်တင်ဆောင်ခွင့်ပြုမိန့်

(LoadLine) သင်္ဘောအရာရှိနှင့် သင်္ဘောသားစာရင်း (Crew List) စသည့် စာရွက်စာတမ်းများကို စစ်ဆေးမည် ဖြစ်ပါသည်။ ဆက်လက်၍ သင်္ဘောဖြင့် တင်ဆောင်လာသည့်ကုန်ပစ္စည်းများ၊ သင်္ဘောဖြင့် ပြန်လည်တင်ဆောင်သွားမည့် ကုန်ပစ္စည်းများကို အကောက်ခွန် ဦးစီးဌာနနှင့်အတူ ပူးပေါင်း၍ ကုန်တင်ချိန်စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၃) ကုန်တင်ကုန်ချခြင်း လုပ်ငန်းများပြီးဆုံးပါ၍ သင်္ဘောပြန်လည်ထွက်ခွာမည်ဆိုပါက ကိုယ်စားလှယ်လုပ်ငန်းဌာနမှ စာရွက်စာတမ်းစစ်ဆေးခြင်းများ ထပ်မံပြုလုပ်ပြီးနောက် ရေကြောင်းပြမှ သင်္ဘောကိုမြစ်အတွင်း မှ ရေကြောင်းပြစခန်းသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ပါသည်။ ရေကြောင်းပြမှ သင်္ဘောနှင့် ပတ်သက် သည့် အချက်အလက်များ (Pilot Slip)အား သင်္ဘောရေယာဉ်မှူးလက်မှတ် ရေးထိုးယူဆောင်ပြီး ငွေစာရင်းဌာနသို့ပေးပို့ရပါသည်။

(၄) ငွေစာရင်းဌာနမှ(Pilot Slip)တွင်ပါရှိသည့် အချက်အလက်များအတိုင်း ဆိပ်ကမ်းအခွန်အခများကို အောက်ပါအတိုင်း သတ်မှတ်နှုန်းထားများ ဖြင့် တွက်ချက်ပြုစုကောက်ခံသွားမည်ဖြစ်ပါသည်။

**မှတ်ချက်**

(က) မြန်မာဆိပ်ကမ်းအာဏာပိုင်သည် ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်လာသည့် ပင်လယ်ရေကြောင်း/ ကမ်းရိုးတမ်းသင်္ဘောများအား ရေကြောင်းပြလုပ်ငန်း ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအခွန်အခများ ကောက်ခံခြင်း၊ ကိုယ်စားလှယ် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သည့်ဌာနဖြစ်ပါသည်။

(ခ ) ဆန်တင်ဆောင်သည့် လုပ်ငန်းနှင့်ပတ်သက်၍ ကမ်းနယ်နမိတ်အတွင်း မရှိသည့် အတွက် စစ်ဆေးသည့်အဖွဲ့တွင် ဆိပ်ကမ်းမှ ပါဝင်ခြင်းမရှိပါ၊ ဌာနနှင့်သက်ဆိုင် သည့် လုပ်ငန်းစဉ်လည်းမရှိပါ။

**၆။ အကောက်ခွန်ဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) အကောက်ခွန်သွင်းကုန်ကြေငြာလွှာဖြင့် အကောက်ခွန်ဆိပ်ကမ်းသို့ ကမ်းရိုးတန်းသွား သင်္ဘောဝင်ရောက်လာပါက ဆောင်ရွက်ရသည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ် ပါသည်-

(၁) သတ်မှတ်ထားသည့်အကောက်ခွန်ဆိပ်ကမ်းသို့ ကမ်းရိုးတမ်းသွားသင်္ဘော တစ်စီး ဆိုက်ကပ်ကြောင်း သင်္ဘောကိုယ်စားလှယ်မှ လာရောက် သတင်းပို့ခြင်း။

(၂) သင်္ဘောကိုယ်စားလှယ်မှ ImportManiffest, Licence, Import Declaration, Other Document တို့အားတင်ပြ၍ ကုန်ကျခွင့် တောင်းခံခြင်း။

(၃) တာဝန်ကျအကောက်ခွန်အရာရှိမှ၍ ID, IL, Imort Manifest နှင့် ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ အလေးချိန်တို့ကို တိုက်ဆိုင် စစ်ဆေးခြင်း။

(၄) စစ်ဆေးပြီးပါက ကုန်ချခွင့်ပြုခြင်း။

(၅) ID ပေါ်တွင် ပစ္စည်းထုတ်ပေးပြီးကြောင်း အပြီးသတ်မှတ်ရေးထိုး၍ ပိုင်ရှင်/ ကိုယ်စားလှယ်အား ID ပြန်လည်ထုတ်ပေးခြင်း။

(၆) ထွက်ခွာခွင့်လက်မှတ် (Port Clearance) ထုတ်ပေးပြီးနောက် ကန်းရိုးတမ်းသွား သင်္ဘောအကောက်ခွန်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာခြင်း။

(ခ ) ကယားပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ခွင့်ပြုထား သော ဆန်သယ်ယူခွင့်နှင့်ပတ်သက်၍ စစ်ဆေးခြင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်အိတ်များသယ်ယူခွင့်ရရှိရန် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်သယ်ယူခွင့်နှင့်ပတ်သက်၍ ကုမ္ပဏီများသို့ ခွင့်ပြု သည့် အကြောင်းကြားစာရရှိခြင်း။

(၂) သင်္ဘောကိုယ်စားလှယ်မှ ကမ်းရိုးတမ်းသင်္ဘောပေါ်သို့ ဆန်အိတ်များ တင်ဆောင်ခွင့်ရရှိရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ကုမ္ပဏီများသို့ ခွင့်ပြုသည့် အကြောင်းကြားစာနှင့်အတူ တင်ဆောင်မည့် ဆန်အိတ် အရေအတွက်၊ တန်ချိန်ဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ် အကောက်ခွန် ဦးစီးဌာနတွင် ဆန်အိတ် တင်ဆောင်ခွင့်ပြုရန် ခွင့်ပြုမိန့် တောင်းခံခြင်း။

(၃) ဆန်အိတ်များတင်ဆောင်ပြီးပါက ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေး ထားသည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ အဆိုပါသင်္ဘောအား စစ်ဆေး ပြီးပါက ကုန်ပေါက်များအား အကောက်ခံတာဝန်ကျအရာရှိမှ အကောက်ခွန်အမှတ်အသား (Seal) ခတ်နှိပ်ခြင်း။

(၄) ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုထားသည့် အရေအတွက်မှ တင်ဆောင် ခဲ့သည့် ကုမ္ပဏီများ၏ ဆန်အိတ်အရေအတွက်၊ တန်ချိန်အား နှုတ်၍ ကျန်ရှိသည့် ဆန်အိတ်အရေအတွက် တန်ချိန်များအား ခွင့်ပြုသည့် အကြောင်းကြားစာပေါ် တွင် လက်ကျန်စာရင်းရေးသားခြင်း။

(၅) ထွက်ခွာခွင့် လက်မှတ်ထုတ်ပေးပြီးနောက် ဆန်အိတ်များတင်ဆောင် သည့် ကမ်းရိုးတန်းသွားသင်္ဘော အကောက်ခွန်ဆိပ်ကမ်းမှ ပြန်လည် ထွက်ခွာခြင်း။

**၇။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်း စဉ်များ**

(က) ငါးဖမ်းရေယာဉ်(ကမ်းနီး)စက်မြင်းကောင်ရေ(၂၀၀)အောက်၊ GT(၅၅)တန် အောက် ရေယာဉ်များ သက်တမ်းတိုးမှတ်ပုံတင်လိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်ရုံးနှင့် ခရိုင်ရုံးခွဲများမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်း များမှာ–

(၁) ရေယာဉ်မှတ်ပုံတင်လိုင်စင်ဌာနစိတ်မှ ပိုင်ရှင်၏လျှောက်လွှာနှင့်လိုအပ်သော စာရွက်စာတမ်းများမှန်ကန်ပြည့်စုံမှု ရှိ/မရှိစိစစ်လက်ခံခြင်း။

(၂) ရေယာဉ်ကြံ့ခိုင်မှု၊ စက်ကြံ့ခိုင်မှုနှင့် Safety Equipment, Navigation Light များပြည့်စုံမှု ရှိ/မရှိ၊ ရေယာဉ်တိုင်းတာစစ်ဆေးရေးမှူး (Surveyour)၊ ရေယာဉ် စစ်ဆေးရေးအရာရှိ (Inspector)မှ အသေးစိတ်စစ်ဆေးဆောင်ရွက်ခြင်း။

(၃) လိုင်စင်သက်တမ်းတိုးကျသင့်ငွေများကို ပိုင်ရှင်အား မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေခြင်း။

(၄) လိုင်စင်မိတ္တူကို ဌာန၏ရေယာဉ်အမှုတွဲဖိုင်တွင် စနစ်တကျသိမ်းဆည်းခြင်း။

(၅) မြန်မာ့အာမခံလုပ်ငန်းတွင် ပိုင်ရှင်အားရေယာဉ်အတွက် အာမခံကြေး ပေးသွင်းစေခြင်း

(ခ ) ကမ်းရိုးတန်းသွားကုန်တင် (သံခွံ/ သစ်သားခွံ)/ ငါးဖမ်း (ကမ်းနီး/ကမ်းဝေး) ရေယာဉ်များအား ပြည်နယ်ရုံး/ ခရိုင်ရုံးများမှ ထွက်ခွာခွင့်ပြုရန် စစ်ဆေးခြင်း နှင့် ပုံမှန်စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ပါ–

(၁) ကမ်းရိုးတန်းသွားသင်္ဘောများ(သံခွံ)တန်(၅၀၀)အထက် ထွက်ခွာခွင့်ပြုခြင်း။

(ကက) ထွက်ခွာခွင့်ပြုရန် ပိုင်ရှင်/ ကိုယ်စားလှယ်၏ သင်္ဘော ထွက်ခွာခွင့် ပြုနိုင်ရေး လျှောက်လွှာတင်ပြရန်။

( ခ ခ ) တိုင်းတာစစ်ဆေးရေးမှူး (Surveyor) (သို့) (Inspector) များမှ ရေယာဉ်ကြွခိုင်မှုနှင့် အောက်ပါစာရွက်စာတမ်းများအား စစ်ဆေးခြင်း–

(၁၁) အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသော ရေယာဉ်မှူး/ အင်ဂျင်နီယာမှူး ပါ /မပါ ၊ လက်မှတ်ပြည့်စုံမှုရှိ/ မရှိ စစ်ဆေးခြင်း၊

(၂၂) Certificate of Registry ရှိ/ မရှိစစ်ဆေးခြင်း၊

(၃၃) Load Line Certificate ရှိ/ မရှိ၊ သက်တမ်းရှိ/ မရှိ စစ်ဆေးခြင်း၊

(၄၄) L.S.A / Safety Equiment Certificate ရှိ/ မရှိ၊ သက်တမ်းရှိ/ မရှိ စစ်ဆေးခြင်း

(၅၅) ကုန်ပစ္စည်းများတင်ဆောင်ထားရှိမှုစနစ်တကျ ရှိ/ မရှိ စစ်ဆေးခြင်း၊

(၆၆) Load Line နစ်မြုပ်အောင် ကုန်တင်ဆောင်မှုပြု/ မပြု စစ်ဆေးခြင်း၊

(၇၇) သတ်မှတ်ထားသောရေယာဉ်အမှုထမ်းများ ပြည့်စုံမှုရှိ/ မရှိ စစ်ဆေးခြင်း၊

( ဂ ဂ ) ရေယာဉ်ကြွခိုင်မှုနှင့် စာရွက်စာတမ်းပြည့်စုံပါက Wireless Clearance Certificate ထုတ်ပေးခြင်း။

(၂) ကမ်းရိုးတမ်းသွား ကုန်တင်စက်လှေများ၊ ငါးဖမ်းရေယာဉ်များ (ကမ်းဝေး) ထွက်ခွာခြင်း (သစ်သားခွံ/ တန်(၅၀၀)အောက်)

(ကက) ပိုင်ရှင်/ ကိုယ်စားလှယ်၏ ရေယာဉ်ထွက်ခွာခွင့် ပြုပါရန် လျှောက်လွှာ တင်ပြရန်။

(ခ ခ) တိုင်းတာစစ်ဆေးရေးမှူး (Surveyor) (သို့) (Inspector) များမှ ရေယာဉ်ကြံ့ခိုင်မှုနှင့် အောက်ပါစာရွက်စာတမ်းများအား စစ်ဆေးခြင်း၊

(၁၁) အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသောရေယာဉ်မှူး/ အင်ဂျင်နီယာမှူး ပါ /မပါ ၊ လက်မှတ်ပြည့်စုံမှုရှိ/မရှိ စစ်ဆေးခြင်း၊

(၂၂) ရေယာဉ်မှတ်ပုံတင်လက်မှတ် Certificate of Registry ရှိ/မရှိ စစ်ဆေးခြင်း၊

(၃၃) Life Saving Appliance လက်မှတ်သက်တမ်း ရှိ/မရှိ စစ်ဆေးခြင်း၊

(၄၄) သူတစ်ပါးထိခိုက်မှုအာမခံ(ပရီမီယံ)သက်တမ်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဂဂ) L.S.A လက်မှတ်သက်တမ်းကုန်ဆုံးနေပါက ရုံးချုပ်၊ ရေကြောင်းဌာနခွဲသို့ ပြည်နယ်(သို့) ခရိုင်ရုံးများမှ တင်ပြခွင့်ပြုချက် တောင်းခံပြီး L.S.A စစ်ဆေး၍ ခရီးတစ်ခေါက် (One Trip) ထွက်ခွာခြင်း။

(ဃဃ) L.S.A စစ်ဆေးခန်းနှင့် သက်တမ်းလွန်ဒဏ်ကြေးများ ရုံးချုပ်၊ ရေကြောင်းဌာနခွဲသို့ ပေးသွင်းစေခြင်း၊ ရေယာဉ်ထွက်ခွာ ခွင့် (Permitted) ပြုခြင်း။

၃။ ရေယာဉ်ကြံ့ခိုင်မှုနှင့်အသက်ကယ်ပစ္စည်းများစစ်ဆေးခြင်း(သစ်သားခွံ–ကုန်လှေ/ငါးလှေ) ခရိုင်ဂရုံ)

(ကက) ပိုင်ရှင်(သို့) ကိုယ်စားလှယ်လျှောက်လွှာတင်ပြရန်နှင့် ရေယာဉ်နှင့်စာရွက် စာတမ်းများ စစ်ဆေးခြင်း၊

(၁၁) ရေယာဉ်မှတ်ပုံတင်လက်မှတ်(Certificate of Registry) ရှိ/မရှိ စစ်ဆေးခြင်း၊

(၂၂) ရေယာဉ်မှတ်ပုံတင်လက်မှတ်ပါရေယာဉ်၏ အတိုင်းအတာ များနှင့် ကိုက်ညီမှု ရှိ/မရှိ ရေယာဉ်အား တိုင်းတာ စစ်ဆေးခြင်း၊

(၃၃) အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသော ပဲ့နင်း မှူး၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်ပါ/မပါ ၊ လက်မှတ် သက်တမ်းရှိ /မရှိ စစ် ဆေးခြင်း၊

(၄၄) ရေယာဉ်ပေါ်ရှိ ဝန်ထမ်းများအတွက် လုံလောက်သော အသက်ကယ် ပစ္စည်းများ (Life Jacket, Life, Buoy, Fire Extinguisher) များပြည့်စုံမှု ရှိ/မရှိ စစ်ဆေးခြင်း၊

(၅၅) ရေယာဉ်အာမခံကြေးပေးသွင်းထားခြင်းရှိ/မရှိ စစ်ဆေးခြင်း၊

(၆၆) ရေယာဉ်အချက်ပြမီးများ၊ အချက်ပေးပစ္စည်းကိရိယာများ ပြည့်စုံ စွာတပ်ဆင်ထားခြင်းရှိ/မရှိ ပါ /မပါ စစ်ဆေးခြင်း၊

(၇၇) ရေယာဉ်ကိုယ်ထည်ကြံ့ခိုင်မှုရှိ/မရှိ စစ်ဆေးခြင်း၊

(၈၈) ရေယာဉ်အင်ဂျင်စက် ကြံ့ခိုင်ကောင်းမွန်မှုရှိ/မရှိ စစ်ဆေးခြင်း၊

(၁၁) L.S.A Certificate ထုတ်ပေးခြင်း။

**၈။ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ် များ–**

(က) ကမ်းရိုးတန်းသွားရေယာဉ် စတင်ဆိုက်ကပ်လာသောအချိန်တွင် ရေယာဉ်ပေါ် တွင် ပါရှိသော သင်္ဘောသားစာရင်းကို စတင်စစ်ဆေးခြင်း။

(ခ ) ထွက်ခွာလာသည့်မြို့မှခွင့်ပြုလိုက်သည့် လူဝင်မှုကြီးကြပ်ရေး အရာရှိ၏ (CERTIFICATE OF CLEARANCE)နှင့် မှန်ကန်မှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးခြင်း၊ မှန်ကန်မှုရှိပါက

သင်္ဘောသားအားလုံးအား ရေယာဉ်ကုန်းပတ်တွင်ခေါ်ယူပြီး သင်္ဘောသား စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ သင်္ဘောသားများ၏ ကိုင်ဆောင်လက်မှတ်နှင့်လူပုဂ္ဂိုလ် မှန်ကန် မှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးခြင်း။

(ဂ) ရေယာဉ်ပေါ်တွင် ပုန်းခို၍ တရားမဝင်ခရီးသည်များ၊ ဘဂ်ါလီများလိုက်ပါလာခြင်း ရှိ/ မရှိ၊အခန်းအသီးသီးသို့ပူးပေါင်းအဖွဲ့များနှင့်အတူစစ်ဆေးခြင်း၊ မှန်ကန်မှုရှိပါကသင်္ဘောရောက်ရှိမှု(Arrival Condition )တွင် ရောက်ရှိကြောင်း လက်မှတ်ရေးထိုးပေးခြင်း။

(ဃ) ကမ်းရိုးတန်းသွားရေယာဉ် ထွက်ခွာမည့်အချိန်တွင် ရေယာဉ်ပေါ်ပါရှိသော ထွက်ခွာမည့် သင်္ဘောသားစာရင်းစစ်ဆေးခြင်း။

(င) သင်္ဘောသားအားလုံးအား ရေယာဉ်ကုန်းပတ်ပေါ်သို့ခေါ်ယူပြီး သင်္ဘောသား စာရင်းနှင့် ၎င်းတို့ကိုင်ဆောင်လက်မှတ် မှန်ကန်မှုရှိ/မရှိ တိုက်ဆိုင်စစ်ဆေး ခြင်း။

(စ) ရေယာဉ်မထွက်ခွာမီ ရေယာဉ်ပေါ်တွင် တရားမဝင်လိုက်ပါမည့် ခရီးသည် ပါဝင်ခြင်းရှိ/ မရှိ၊ ရေယာဉ်တစ်စင်းလုံးသို့ ပူးပေါင်းအဖွဲ့များနှင့်အတူ စစ်ဆေးခြင်း။

(ဆ) သင်္ဘောသားစာရင်းနှင့် လူပုဂ္ဂိုလ်မှန်ကန်ပြီးလူပို့လိုက်ပါခြင်း မရှိပါက စစ်ဆေးပြီးကြောင်း လက်မှတ်(CERTIFICATE OF CLEARANCE) အား ထုတ်ပေးခြင်းတို့ ဆောင်ရွက်ပါသည်။

**၉။ စားသုံးသူရေးရာဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) ဆန်တင်ပို့ရောင်းချသူများမှ အခြားတိုင်းနှင့်ပြည်နယ်များသို့ တင်ပို့ရောင်းချရန်အတွက် တင်ပြမှုအပေါ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ အတွင်းဆန်စပါးစိုက်/ အောင်/ ထွက်ရှိမှု/ စားသုံး/ မျိုး/ အလေအလွင့်/ အခြားသုံးလက်ကျန် ပြည်တွင်း ပြည်ပတင်ပို့ရောင်းချမှုအား စိစစ်ပြီး၊ တင်ပို့ရောင်းချရန် သင့်/မသင့်စိစစ်၍ တိုင်းဒေသကြီးအစိုးရသို့ထောက်ခံတင်ပြပေးပါသည်။

(ခ) တိုင်းဒေသကြီး/ ပြည်နယ်အစိုးရမှ ခွင့်ပြုချက်ရရှိပါက တင်ပို့ရန်တန်ချိန် အတိုင်းသွားရောက်စိစစ်ပြီး တင်ပို့မည့် သဘော်ာ၊ ဆန်အရေအတွက်များအား ပူးပေါင်းအဖွဲ့များနှင့် အတူသွားရောက်စစ်ဆေးပါသည်။

(ဂ) စစ်ဆေးပြီးပါက စစ်ဆေးမှုအပေါ် ခွင့်ပြုချက်တန်အရ တင်ပို့ပြီး တန်၊ တင်ပို့ရန်ကျန်တန်များအား စာရင်းရေးဆွဲပြုစုပြီး စစ်ဆေးမှု ဓါတ်ပုံမှတ်တမ်း များနှင့်တကွ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြ ဆောင်ရွက်ပေးပါသည်။